# မှာတော်ပုံဝတ္ထုရှည်မှ ဇာတ်ဆောင် ခင်အုံ၏စရိုက်

နီလာအေး[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိ သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုရှည်မှ ဇာတ်ဆောင် ခင်အုံ၏စရိုက်ကို လေ့လာထားခြင်းဖြစ်ပါသည်။ (၂၀၁၀)ခုနှစ်၊ ရာပြည့် စာအုပ်တိုက်မှ ထုတ်ဝေသော သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုရှည်နှင့် စစ်ကိုင်းပြန်မှာတော်ပုံကို အလေ့လာခံအဖြစ် ထားရှိပါသည်။ ရည်ရွယ်ချက်မှာ အဓိကဇာတ်ဆောင် ခင်အုံ၏စရိုက်ကို ဖော်ထုတ်တင်ပြလိုခြင်း ဖြစ်ပါသည်။ ဇာတ်ဆောင် ခင်အုံ၏စရိုက်သည် ဝတ္ထု၏ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ပါသလား ဟူသော သုတေသန မေးခွန်းကိုတွေ့ရပါသည်။ ဇာတ်ဆောင်ခင်အုံ၏စရိုက်သည် ဝတ္ထု၏ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ခြင်းရှိ၊ မရှိဟူသော အချက်သည် သုတေသနပြဿနာဖြစ်သည်။ သုတေသန အမျိုးအစားမှာ အခြေခံသုတေသနအမျိုးအစား ဖြစ်ပါသည်။ ရှင်းလင်းဖော်ပြမှု သုတေသန အမျိုး အစားဖြစ်၍ ရှင်းလင်းဖော်ပြမှု သုတေသနဒီဇိုင်းကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာနည်းနာ အဖြစ် ပညာရှင်အသီးသီး၏ ဇာတ်ဆောင်စရိုက် သဘောတရားနည်းနာများဖြင့် ချဉ်းကပ်လေ့လာထားပါသည်။ ဝတ္ထုရှည်မှ ဇာတ်ဆောင်စရိုက် လေ့လာလိုသူများအတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**သော့ချက်ဝေါဟာရများ – ဇာတ်ဆောင်၊ စရိုက်၊ ပုံပန်းသွင်ပြင်၊ အပြောအဆို၊စိတ်ခံစားမှု**

## ၁။ နိဒါန်း

မှာတော်ပုံဝတ္ထုသည် သခင်ကိုယ်တော်မှိုင်း၏ နှစ်ဆယ်ရာစု ကာလပေါ်ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဝတ္ထုစာပေထွန်းကားစပြုနေသည့်ကာလ၌ ဆရာကြီးသည် ပြဇာတ်ဆန်သော ဆောင်းပါးနည်းမှ လူအများနှစ်သက်သော ဝတ္ထုနည်းသို့ ပြောင်းလဲရေးသားခဲ့သည်။ မှာတော်ပုံဝတ္ထုသည် မြန်မာကာလပေါ်ဝတ္ထုသမိုင်းတွင်သာမက မြန်မာစာပေသမိုင်းတွင်လည်း ကမ္ပည်းတင်ထိုက်သော ဝတ္ထုကောင်းတစ်ပုဒ်အဖြစ် ထင်ရှားခဲ့ပါသည်။

မှာတော်ပုံဝတ္ထုရှည်မှ ဇာတ်ဆောင်ခင်အုံ၏စရိုက်ကို ဖော်ထုတ်တင်ပြရာတွင် သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုရှည်ကို အလေ့လာခံအဖြစ်ထားရှိပါသည်။ စာတမ်း၏ ရည်ရွယ်ချက်မှာ အဓိကဇာတ်ဆောင်ခင်အုံ၏စရိုက်ကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။ အဓိကဇာတ်ဆောင်ခင်အုံ၏ စရိုက်သည် ဝတ္ထု၏ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ပါသလား ဟူသော သုတေသနမေးခွန်းကို တွေ့ရပါသည်။ အဓိကဇာတ်ဆောင် ခင်အုံ၏စရိုက်သည် ဝတ္ထု၏ ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ခြင်းရှိ၊ မရှိဟူသောအချက်သည် သုတေသနပြဿနာ ဖြစ်လာပါသည်။ ထိုမေးခွန်းနှင့်ပြဿနာကို အဖြေရှာရန် ဤသုတေသနကို ပြုစုရခြင်း ဖြစ်ပါသည်။ ဤသုတေသနသည် အခြေခံသုတေသန အမျိုးအစားဖြစ်ပါသည်။ ဤစာတမ်းသည် ရှင်းလင်းဖော်ပြမှုသုတေသနဖြစ်၍ ရှင်းလင်းဖော်ပြမှု သုတေသနဒီဇိုင်းကို အသုံးပြုထားပါသည်။

ပညာရပ်ဆိုင်ရာနည်းနာအဖြစ် သူရိယကန္တိ၏ ဝတ္ထုရေးလိုသော်(၁၉၆၇)၊ ဦးမြင့်ကြည်၏ ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည်လေ့လာနည်း(၁၉၉၈)၊ မောင်ခင်မင် (ဓနုဖြူ)၏ စကားပြေသဘောတရား စကားပြေအတတ်ပညာ(၁၉၇၉)၊ မမိုးမြေ၏ ဝတ္ထုရှည် သဘောတရားနှင့်

---

[၁] ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ကျောက်ဆည်တက္ကသိုလ်။

ဝတ္ထုရှည် အတတ်ပညာ(၂၀၁၅)တို့မှ ဇာတ်ဆောင်စရိုက်ဆိုင်ရာ နည်းနာများဖြင့် လေ့လာတင်ပြထားပါသည်။

ဤစာတမ်းတွင် ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းနှင့် အမူအရာများဖြင့် စရိုက်ဖော်ခြင်း၊ ဇာတ်ဆောင်၏အပြောဖြင့်စရိုက်ဖော်ခြင်း၊ စာရေးသူ၏ တိုက်ရိုက်ပြောသည့်နည်းဖြင့် စရိုက်ဖော်ခြင်း၊ ဇာတ်ဆောင်၏ စိတ်ခံစားမှုအတွေးဖြင့် စရိုက်ဖော်ခြင်း တို့ဖြင့် တင်ပြထားပါသည်။

**၁၊ ၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အတ္ထုပ္ပတ္တိအကျဉ်း**

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ဦးစံထွန်း၊ ဒေါ်အုန်းတို့က ရွှေတောင်နယ်၊ ဝါးလယ်ရွာတွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်လွန်းဖြစ်၍ ရွှေတောင်ကျီးသဲလေးထပ် ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ (၁၀)နှစ်သားအရွယ်၌ မန္တလေးမြို့သို့ရောက်ရှိခဲ့သည်။ သီပေါမင်း ပါတော်မူပြီးနောက် ကိုရင်ဝတ်ဖြင့် စစ်ကိုင်း၊ မုံရွာ၊ ကြေးမုံတစ်ဝိုက်လှည့်၍ စာပေသင်ယူ ခဲ့ပါသည်။

အသက် (၁၉) နှစ်အရွယ်တွင် လူဝတ်လဲ၍ ရန်ကုန်သို့ရောက်လာပြီး စာစီ၊ စာပြင်ဆရာ အဖြစ်လုပ်ကိုင်ခဲ့သည်။ “ရွှေတောင်မောင်လွှမ်း”ဟူသော ကလောင်အမည်ဖြင့် ပြဇာတ်ပေါင်း (၈၀)ခန့်ရေးသားခဲ့ပါသည်။ သက္ကရာဇ် (၁၉၁၀)ခုနှစ်တွင် ကဗျာသာရတ္ထသင်္ဂြိုဟ်ကို ထုတ်ဝေခဲ့ပါသည်။(၁၉၁၃- ၁၉၁၄) ခုနှစ်တွင် ရေးသော ဗိုလ်ဋ္ဌီကာ၌ “မစ္စတာ” အမည်တပ် မြန်မာများကို ရှုံ့ချသည့်အနေဖြင့် ဦးကြီး၏ “ချဉ်ပေါင်ရွက်သည်မောင်မှိုင်း” ဝတ္ထုတွင်ပါသော လူရှုပ်လူပွေ၊ လူယုတ်မာ မောင်မှိုင်းအမည်ရှေ့တွင် မစ္စတာတပ်၍ မိမိ၏ ကလောင်အမည်ကို မစ္စတာမောင်မှိုင်း ဟု စတင်သုံးစွဲခဲ့သည်။

(၁၉၁၅-၁၉၂၁) ခုနှစ်တွင် မှာတော်ပုံဝတ္ထု (၃)တွဲကို ရေးသားထုတ်ဝေခဲ့ပါသည်။ (၁၉၂၁) ခုနှစ်တွင် အမျိုးသားကောလိပ်များ တည်ထောင်သောအခါ မြန်မာစာပေနှင့် ရာဇဝင်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ (၁၉၃၄) ခုနှစ်တွင် တို့ဗမာအစည်းအရုံး၏ နာယကအဖြစ် ဆောင်ရွက်ခဲ့ပြီး သခင်ကိုယ်တော်မှိုင်း အမည်ခံခဲ့သည်။ (၁၉၅၀)ပြည့်နှစ်တွင် မြန်မာနိုင်ငံအစိုးရက အလင်္ကာကျော်စွာ ဘွဲ့ချီးမြှင့်ခဲ့ပါသည်။ (၁၉၅၂)ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ကရက် (မြန်မာနိုင်ငံ)၏ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ (၁၉၅၄) ခုနှစ်တွင် စတာလင်ဆုကြီး ရရှိခဲ့ပါသည်။ (၁၉၅၅)ခုနှစ်တွင် နိုင်ငံတကာ ငြိမ်းချမ်းရေးဆုကို ရရှိခဲ့ပါသည်။ (၁၉၅၇)ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်ကြီးတွင် အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ (၁၉၆၀) ခုနှစ်၊ ဩဂုတ်လ(၁၀)ရက် တွင် အရှေ့ဂျာမနီ ဟမ်းဘတ်တက္ကသိုလ်က

> **မြန်မာမျိုးချစ်ပုဂ္ဂိုလ် စာရေးဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဂုဏ်ထူးဆောင် ဒဿနိကဗေဒ မဟာပညာရှင်ကျော်(Honarary Doctor of Pholosophy) ဘွဲ့ထူးကြီးကို ပြည်သူလူထု အကျိုးအတွက်လည်းကောင်း၊ လူသားတို့အကျိုးအတွက် လည်းကောင်း အားထုတ်ရေးသား ခဲ့သောစာပေပညာရပ်များကြောင့် ပေးအပ်ချီးမြှင့်ပါသည်**။ (အမာ၊၁၉၇၆၊စာ ၂၀၇)

ဟူ၍ ဒေါက်တာဘွဲ့အပ်နှင်းခဲ့ပါသည်။

သခင်ကိုယ်တော်မှိုင်းသည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ရင်း အသက် (၈၉)နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

### ၁၊ ၂။ မှာတော်ပုံဝတ္ထု၏ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

စစ်ကိုင်းမြို့၊ ငါးထပ်ကြီးဘုရားပွဲ၌ ဘုရားဒကာဦးကြာညွန့်၊ သင်္ဂြိုဟ်ဆရာ၏၊ ဝန်စာရေးမောင်မောင်ရွှ၊ ကျောင်းဒကာဖိုးရွှေအိတ်၊ အလုံနယ်က လူရိုးလူအ ကိုပေါနှင့် ဘုန်းကြီးလူထွက် ဦးကျော်ဒွေးတို့ မြန်မာ့ရာဇဝင်၊ သမိုင်းကြောင်းနှင့် လောကီဆိုင်ရာကိစ္စ စသည့် အကြောင်းအရာများကို ဝိုင်းဖွဲ့ကာ ပြောဆိုနေကြပုံဖြင့် မှာတော်ပုံဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်များနှင့် မိတ်ဆက်ပေးထားသည်။

မှာတော်ပုံဝတ္ထု၏ အဓိကဇာတ်ဆောင်မှာခင်အုံဖြစ်သည်။ လက်ျာဝင်းတော်မှူး၏ မယားအငယ်ဆုံးဖြစ်သည်။ ဝင်းတော်မှူးကွယ်လွန်သော် အမွေအနှစ်များစွာမရဘဲ မုဆိုးမ ဖြစ်ခဲ့သည်။ ဝန်စာရေးမောင်မောင်ရွှ၏ အောင်သွယ်ပေးမှုကြောင့် ဂုဏ်ပကာသန မက်မောသော ခင်အုံနှင့် ဘုန်းကြီးလူထွက် အဂ္ဂိရတ်သမား ဦးကျော်ဒွေးတို့ ဖူးစာဆုံခဲ့သည်။ ခင်အုံသည် အိမ်ထောင်ရေး အဆင်မပြေဖြစ်ကာ ဦးကျော်ဒွေးကို စိတ်ကုန်ငြီးငွေ့နေခဲ့သည်။ ဦးကြာညွန့်နှင့် မောင်မောင်ရွှက ညောင်ကန်ရွာသား မုဆိုဖိုကြေးရတတ် ကိုပေါနှင့်ခင်အုံကို ဝိုင်း၍လှော်ရန် အကြံရသည်။

ဦးကြာညွန့်သည် မိမိအိမ်သို့ အလည်လာသော အလုံနယ်မှ လူရိုးလူအ ကိုပေါအပ်ထားသည့် ငွေများကို သုံးစွဲမိသဖြင့် ပြန်လည်မပေးဆပ်လို၍ ခင်အုံနှင့် အောင်သွယ်ပေးလေသည်။ ဦးကျော်ဒွေးနှင့်ခင်အုံကို လင်မယားကွဲအောင်သွေးထိုးခဲ့ကြသည်။ ခင်အုံသည် ဦးကျော်ဒွေးကို ကွဲရန်နည်းမျိုးစုံသုံး၍ အိမ်မှဆင်းခဲ့သည်။ ကိုပေါတည်းခိုရာ ဦးကြာညွန့် အိမ်သို့သွားခဲ့သည်။ ခင်အုံသည် ကိုပေါအားမာယာမျိုးစုံသုံးကာ မြူဆွယ်ခဲ့သည်။ လူရိုးလူအ ကိုပေါကြောင့် ခင်အုံ သည်စိတ်အလိုမကျဖြစ်ခဲ့ရသည်။ ကိုပေါသည် ခင်အုံကိုချစ်သော်လည်း မိမိရွာသို့ တပါတည်းခေါ်မသွားခဲ့ပေ။ ထိုစဉ် ဦးကြာညွန့် မင်းပြစ်မင်းဒဏ်သင့်၍ တိမ်းရှောင်ရစဉ် ခင်အုံသည် မန္တလေးမြို့၌ဆက်၍မနေရဲတော့ဘဲ ရွှေဘိုမြို့၌ မိန်းမဖော်တစ်ယောက်နှင့် အတူနေထိုင်ခဲ့သည်။

ခင်အုံသည် ရွှေဘိုတွင် ဝါသနာအလျောက် မောင်ဘေဘဟူသော လူပျိုကလေးကို ချော့မြူလျက် အလိုလိုက် အကြိုက်ဆောင်ခဲ့သည်။ မောင်ဘေဘနှင့် ချစ်ကြိုက်နေစဉ် အတွင်း ကျောက်ကုန်သည် တစ်ခုလပ်မောင်မောင်ကြီးနှင့် လူမှုရေးရှုပ်ထွေးခဲ့ပြန်သည်။ မောင်ဘေဘနှင့် မောင်မောင်ကြီးတို့ ထိပ်တိုက်တွေ့ပြီး ပြဿနာတက်မည်ကို ကြောက်ရွံ့ပြီး ရွှေဘို၌မနေရဲ တော့ဘဲ  အင်းဝရှိ ဘိုးရွှေအိတ်၏ အိမ်တွင် ညှိုးငယ်စွာ နေထိုင်ခဲ့ရသည်။

ဦးကျော်ဒွေးသည် ခင်အုံ၏ မကောင်းသော သတင်းများကြောင့် စိတ်မချမ်းမသာ ဖြစ်ကာ မိမိဇာတိဖြစ်သော မြိုင်ရွာသို့ ပြန်လာခဲ့ပြီးနောက်  မကြာမီကွယ်လွန်ခဲ့သည်။ ဦးကျော်ဒွေး ကွယ်လွန်ကြောင်း ခင်အုံကြားသောအခါ မြိုင်ရွာသို့လိုက်သွားပြီး ရင်ကွဲမတတ် ငိုကြွေးပူဆွေးခဲ့ပြန်သည်။ မှာတော်ပုံဝတ္ထု၏ တတိယတွဲကို ခင်အုံပူဆွေးငိုကြွေးခန်းဖြင့် အဆုံးသတ်ထားပါသည်။

မှာတော်ပုံဝတ္ထုဇာတ်လမ်း၏ ဦးတည်ချက်မှာ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ဆန့်ကျင်ပြီး ဖောက်လွဲဖောက်ပြန် ပြုမူဆောင်ရွက်တတ်သော ဒိဋ္ဌလောကရှိ လူအချို့၏ စရိုက် သဘာဝတို့ကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည်။

## ၂။ စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းကိုပြုစုရန် မြန်မာအဘိဓာန်(၂၀၀၈)၊ သူရိယကန္တိ၏ ဝတ္ထုရေးလိုသော်(၁၉၆၇)၊ ဝတ္ထုရှည်စာတမ်းများ(၁၉၇၉)၊တို့ကို ဖတ်ရှုလေ့လာခဲ့သည်။ ထိုစာအုပ်များ၌ ဝတ္ထုတွင် ပါဝင်သောဇာတ်ဆောင်၏သဘော၊ ဇာတ်ဆောင်စရိုက်ဆိုင်ရာ ဖွင့်ဆိုချက်များသည် သုတေသနပြုရန် အထောက်အကူ ဖြစ်စေပါသည်။

ထို့ပြင် အောင်သင်း၏ဝတ္ထုရေးရာဆောင်းပါးများ(၂၀၁၇)၊ မြန်မာစာသုတေသနဂျာနယ်(၁၉၉၈)တို့တွင် စရိုက်အမျိုးအစားခွဲခြားပုံကို ဖော်ပြထားပါသည်။ မမိုးမြေ၏ ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ(၂၀၁၅)တွင် ဇာတ်ဆောင်စရိုက်နှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြချက်များသည် ဤသုတေသနအတွက် အထောက်အပံ့ဖြစ်စေပါသည်။

သခင်ကိုယ်တော်မှိုင်း၏ အတ္ထုပတ္တိနှင့်ပတ်သက်၍ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ(၁၉၇၁)ကို ဖတ်ရှုကိုးကားခဲ့ပါသည်။ သုတေသနဆိုင်ရာနည်းနာအတွက် ဒေါက်တာအောင်မြင့်ဦး၏ သုတေသနဟူသည်(၂၀၁၈)ကို ဖတ်ရှုလေ့လာခဲ့ရာ သုတေသနပြုရာတွင် အထောက်အကူ ဖြစ်ခဲ့ပါသည်။

## ၃။ နည်းနာ

မှာတော်ပုံဝတ္ထုမှ ဇာတ်ဆောင်ခင်အုံ၏စရိုက်ကို ဖော်ထုတ်တင်ပြရာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာနည်းနာတို့ကို အသုံးပြု၍ သုတေသနပြုထားပါသည်။

## ၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ဝတ္ထုရှည်တွင်ဇာတ်ဆောင်၏ အခန်းကဏ္ဍသည် အရေးပါသည်။ ထိုဇာတ်ဆောင်နှင့်ပတ်သက်၍ မြန်မာအဘိဓာန်(၂၀၀၈)တွင်**"ဇာတ်ဆောင် -န/ ဇာတ်ဆောင်/ ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင် သရုပ်ဆောင် သူ"** (စာ ၁၃၃) ဟူ၍ ဖွင့်ဆို ထားသည်။ သူရိယကန္တိ၏ ဝတ္ထုရေးလိုသော်(၁၉၆၇)တွင်

> **ကဇာတ်၊ ပြဇာတ်၊ ရုပ်သေး၊ ရုပ်ရှင်တို့တွင် အကောင်အထည်ပေါ်စေရန် အလို့ငှာ လူသတ္တဝါ၊ တိရစ္ဆာန်သတ္တဝါမှစ၍ အလိုရှိအပ်သော သတ္တဝါအမျိုးမျိုး ပါဝင်စေလျက် သဏ္ဌာန်သရုပ်ပေါ်အောင် ပြုလုပ်ကြလေသည်။ ထိုသို့ ပါဝင်အသုံးတော်ခံသည့် လူအများကို "ဇာတ်လိုက်" များဟုခေါ်ဝေါ်သမုတ်ကြ၏။** (စာ ၉၀)

ဟူ၍ဖော်ပြထားသည်။ ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်ကို ဇာတ်လိုက်ဟု ခေါ်ဝေါ်ခဲ့ကြ သကဲ့သို့ ဇာတ်ဆောင်ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ တက္ကသိုလ်ဘုန်းနိုင်က ဝတ္ထုရှည်စာတမ်း များ(၁၉၇၉)တွင် **"ဇာတ်ဆောင်နှင့်ပတ်သက်၍ ဇာတ်ကြောင်းဖြစ်လာရန် လုပ်ပြု၊ တွေးပြု၊ ခံစားပြုသော ဝတ္ထုရှည်တွင်းမှ လူအများကို ဇာတ်ဆောင်ဟုခေါ်သည်"** (စာ ၃၂) ဟူ၍ ဖွင့်ဆိုထားသည်။

မမိုးမြေက ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ(၂၀၁၅)တွင် **"ဒိဋ္ဌဓမ္မလောကကို တုပ၍ရေးဖွဲ့သော ဝတ္ထုတွင်ပါဝင်သည့်ဇာတ်ဆောင်များမှ ဒိဋ္ဌဓမ္မလောကမှ လူ့စရိုက်လူ့သဘာဝများနှင့် တူညီမှသာ သဘာဝကျသည်။ ယုတ္တိရှိသည်။** (စာ ၁၂၉) ဟူ၍ ဖော်ပြထားပါသည်။ ဇာတ်ဆောင်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် စာဖတ်သူ၏စိတ်အာရုံ၌ တွေးမြင်ခံစားနိုင်သည်။ ထို့ပြင် ဒိဋ္ဌလောက၌ တွေ့မြင်နေရသောလူသားတို့၏ စရိုက်များ ထင်ဟပ်နေ

တတ်သည်။

ဇာတ်ဆောင်စရိုက်နှင့်ပတ်သက်၍ အောင်သင်း၏ ဝတ္ထုရေးရာ ဆောင်းပါး (၂၀၁၇)တွင် စရိုက်ဟူသောဝေါဟာရကို **"ဇာတ်ဆောင်တစ်ဦး၏ စရိုက်ဟုဆိုလျှင် သာမာန်အားဖြင့် သူ၏ကိုယ်၊ နှုတ်၊ နှလုံး၊ ကံသုံးပါးအမူအရာ အလေ့အထကိုဆိုလိုသည်"** (စာ ၄၄)ဟူ၍ ဖော်ပြထားသည်။ ဦးမြင့်ကြည်က မြန်မာစာသုတေသနဂျာနယ် (၁၉၉၈)တွင် စရိုက်အမျိုးအစား(၄) မျိုးခွဲခြားကာ (၁)Flat Character(စရိုက်သေဇာတ်ဆောင်)၊(၂) Round Character (စရိုက်ကြွဇာတ်ဆောင်)၊ (၃)Static Character(တည်ငြိမ်ဇာတ်ဆောင်)၊ (၄)DynamicCharacter (စရိုက်ရှင်ဇာတ်ဆောင်) (စာ ၇၄) ဟူ၍ ပြဆိုခဲ့ပါသည်။

ဝတ္ထုရေးရာဆောင်းပါး(၂၀၁၇)တွင် စရိုက်သေ၊ စရိုက်ရှင်ဇာတ်ဆောင်တို့နှင့် ပတ်သက်၍

> **စရိုက်သေဇာတ်ဆောင်ကို မျက်နှာစာတစ်ဖက်ကသာ မြင်ရသည်။ စရိုက်ရှင်ကို မျက်နှာစာ နှစ်ဖက်က မြင်ရသည်။ ထို့ကြောင့် စရိုက်သေက ရုပ်လုံးမကြွ၊ လူနှင့်မတူ၊ စရိုက်ရှင်က ရုပ်လုံးကြွလာသည် လူနှင့်ပို၍တူလာသည်။ စရိုက်သေမှာ ဘဝအမြင် စာရိတ္တပြောင်းလဲ မှုမရှိ၊ စရိုက်ရှင်က ပြောင်းလဲမှုရှိသည်။** (စာ ၄၅)

ဟူ၍ဖော်ပြထားသည်။ မြန်မာစာသုတေသနဂျာနယ် (၁၉၉၈)က

> **"Round Character ဆိုတာကတော့ သူက ရုပ်ကြွတဲ့သဘောလေးရှိတယ်။ တစ်ပြင်တည်း တစ်ပြန့်တည်း မဟုတ်ဘူး။ ဒီတော့ (ဒီဘက်ကကြည့်ရင် ဒီလို မြင်ရတယ်)[?] သူက ကြည့်တဲ့ဘက်ကလိုက်ပြီး သူ့မှာဘက်တွေရှိလာမယ်။"**(စာ ၇၄)

ဟူ၍ စရိုက်ကြွဇာတ်ဆောင်နှင့်ပတ်သက်၍ ဖော်ပြထားသည်။

ဇာတ်လမ်းအခြေအနေအရ ဇာတ်ဆောင်တို့၏စရိုက်သည် အကျိုးအကြောင်း၊ အဖြစ်အပျက် ခိုင်လုံစွာပြောင်းလဲခြင်း၊ မပြောင်းလဲဘဲ ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်း စသည့် အချက်များဖြင့် ချိန်ထိုးလေ့လာနိုင်သည်။

ဝတ္ထုတွင် ဇာတ်ဆောင်တို့၏ရုပ်ဆင်းသွင်ပြင်၊ ပြုမူနေထိုင်ပုံတို့ကို ဖော်ပြ၍ ဇာတ်ဆောင် စရိုက်ကို တင်ပြလေ့ရှိသည်။ စကားပြေသဘောတရား စကားပြေအတတ် ပညာ (၂၀၀၉)တွင်

> **ဇာတ်ဆောင်တစ်ဦး၊ အတ္ထုပ္ပတ္တိဖွဲ့ခံတစ်ဦး၏ ပုံပန်းသွင်ပြင်အဖွဲ့ကို လေ့လာ ကြည့်ခြင်း အားဖြင့် ထိုဇာတ်ဆောင်ပုဂ္ဂိုလ်၏ စရိုက်လက္ခဏာကို သိနိုင်ပါသည်။ ထိုသူ၏ ရုပ်ဆင်း သဏ္ဌာန်၊ ဝတ်စားဆင်ယင်ပုံ၊ ဟန်ပန်အမူအရာ၊ အပြုအမူ၊ အပြောအဆိုတို့မှ သူ့စရိုက် လက္ခဏာကို ကောက်ချက်ချနိုင်ပါသည်။** (စာ ၁၀၁)

ဟူ၍ ဖော်ပြထားသည်။ ထိုဇာတ်ဆောင်၏ ပုံပန်းသွင်ပြင်နှင့်အပြုအမူတို့အရ လူဆိုးဖြစ်သည်။ လူကောင်းဖြစ်သည်။ မည်သို့စရိုက်ရှိသည်ကို အကဲခတ်လေ့လာ နိုင်ပါသည်။

မမိုးမြေက ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ(၂၀၁၅)တွင်

> **ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းနှင့် အမူအရာတို့သည် ဇာတ်ဆောင်၏ စိတ်နေသဘောထား စရိုက်သဘာဝနှင့် ဆက်စပ်နေတတ်သည်။ ဇာတ်ဆောင်၏သွင်ပြင်ပုံပန်းသည် ဇာတ်ဆောင်၏ စိတ်ကို ထင်ဟပ်ဖော်ပြနိုင်သည်။ ထိုနည်းဖြင့် ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းကို ထင်မြင်ခံစားရင်း ဇာတ်လမ်းအရ ဇာတ်ဆောင် ပါဝင်လှုပ်ရှား မည့်စရိုက်ကို မှန်းဆနိုင်သလိုလို ရှိလာစေသည်။ တစ်ချိန်တည်းမှာပင် ဇာတ်လမ်း အသွားအလာကိုလည်း မှန်းဆနိုင်ပါသည်။ ထို့အတူပင် အမူအရာသည်လည်း**

> **ဇာတ်ဆောင်၏စရိုက်ကိုမှန်းဆနိုင်စေသည်။** (စာ ၁၈၇)

ဟူ၍ ဖော်ပြထားသည်။

ဇာတ်ဆောင်၏ အပြောစကားနှင့်ပတ်သက်၍ဝတ္ထုရေးလိုသော်(၁၉၆၇)တွင်**"ဇာတ်ဆောင် စကားပြောခြင်းအားဖြင့် ၎င်း၏ အဇ္ဈတ္တအတွင်းသဏ္ဍာန်ရှိ လောဘစိတ်၊ မောဟစိတ်၊ ချစ်စိတ်၊ ခင်စိတ်၊ မုန်းစိတ်၊ သနားစိတ်၊ ဝါသနာ၊ အလေ့အကျင့်တို့ကို ကောင်းစွာဖော်ပြနိုင်၏"**(စာ ၂၉၀) ဟူ၍ဖော်ပြထားသည်။ ဝတ္ထုဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်တို့၏ အပြောအဆိုသည် ဇာတ်ဆောင် ၏ စိတ်နေသဘောထားနှင့်စရိုက်ကို ဖော်ပြနိုင်စွမ်းရှိသည်။

ဇာတ်ဆောင်တို့၏စရိုက်ကို ဖော်ထုတ်ရာတွင် စာရေးသူက တိုက်ရိုက် ပြောစကားဖြင့် စရိုက်ဖော်နည်းဖြင့်လည်း တင်ပြတတ်သည်။ မြန်မာစာသုတေသနဂျာနယ် (၁၉၉၈) တွင်

> **စရိုက်တစ်ခုကိုပြတဲ့အခါမှာ သူ့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံနှင့်လည်းပြတယ်။ နောက်ပြီး တော့ကား တစ်ခါတစ်လေအားမရလို့ရှိရင် စာရေးတဲ့သူက ဒီလူက သိပ်သဘောကောင်းတဲ့ သူပါခင်ဗျာ၊ သူကသိပ်ဘာဖြစ်တယ်ညာဖြစ်တယ် ဆိုပြီးတော့ Narration ထဲမှာ ထည့်ပြီးတော့ရေးတယ်။** (စာ ၇၄)

စသည်ဖြင့် ဖော်ပြထားသည်။ စာရေးသူ၏ တိုက်ရိုက်အပြောစကားများ ထည့်သွင်းကာ ဇာတ်ဆောင်တို့၏စရိုက်ကို ပေါ်လွင်အောင်ဖော်ပြလေ့ရှိသည်။

စာရေးသူက ဇာတ်ဆောင်တို့၏ စိတ်ခံစားမှု အတွေးစိတ်ကူးတို့ကို ဖော်ပြ၍လည်း ဇာတ်ဆောင်စရိုက်ကို ဖွဲ့လေ့ရှိသည်။ သူရိယကန္တိ၏ ဝတ္ထုရေးလိုသော်(၁၉၆၇)၌

> **ဝတ္ထုရေးဆရာ၌ ဇာတ်လိုက်တို့၏အကြောင်းကို ဖော်ပြရာတွင် သူတစ်ပါး တို့မပြုနိုင် သော အချက်ကြီးတစ်ရပ်ရှိ၏။ ထိုအချက်မှာ သူကိုယ်တိုင်ဇာတ်လိုက်၏ အဇ္ဈတ္တသဏ္ဍာန် အတွင်းသို့ ဝင်ရောက်လျက် ဇာတ်လိုက်၏ အတွေးအခေါ် အမြော်အမြင်ဆင်ခြင်မှု၊ သဘောထားမှု၊ စိတ်စေတသိတ်၊ ပြောင်းလဲမှု၊ အစစတို့ကို ဖော်ပြနိုင်ခြင်းဖြစ်ပေသည်။** (စာ ၂၁၄)

ဟူ၍ဖော်ပြထားသည်။ ဇာတ်ဆောင်၏ အတွေးစိတ်ကူးမှတစ်ဆင့် လူကောင်းဇာတ်ဆောင်လော၊ လူဆိုးဇာတ်ဆောင်လောဟု ဖတ်ရှုသူတို့က ဇာတ်ဆောင်စရိုက်ကို ဆန်းစစ်နိုင်ပေမည်။

ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာအဖြစ် သူရိယကန္တိ၏ ဝတ္ထုရေးလိုသော် (၁၉၆၇)၊ ဦးမြင့်ကြည်၏ ဝတ္ထုရှုသဘောတရား ဝတ္ထုရှုလေ့လာနည်း(၁၉၉၈)၊ မောင်ခင်မင်(ဓနုဖြူ)၏ စကားပြေသဘောတရား စကားပြေအတတ်ပညာ(၂၀၀၉)၊ မမိုးမြေ၏ ဝတ္ထုရှုသဘော တရားနှင့်ဝတ္ထုရှုအတတ်ပညာ(၂၀၁၅)တို့မှ နည်းနာများဖြင့် လေ့လာ တင်ပြထားပါသည်။

## ၃၊ ၂။ သုတေသနနည်းနာ

ဤစာတမ်းသည် အခြေခံသုတေသန အမျိုးအစားတွင်ပါဝင်သည်။ **"အခြေခံသုတေသနသည် အခြေခံအားဖြင့် အတွေးသစ် အမြင်သစ် အသိပညာတစ်ရပ်ရပ် တိုးပွားစေရန်အတွက် ပြုလုပ်သော သုတေသန အမျိုးအစားဖြစ်သည်။** (အောင်မြင့်ဦး၊ ၂၀၁၈၊ စာ ၅၅) ဟူ၍ဖော်ပြထားသည်။ ရှင်းလင်းဖော်ပြမှုသုတေသနနှင့်ပတ်သက်၍ **"သုတေသနပြဿနာနှင့် ပတ်သက်သည့် အယူအဆတစ်ရပ် မှန်ကန်ကြောင်းကို ခိုင်လုံသော သက်သေအထောက်အထားများပြ၍ ရှင်းလင်းဖော်ပြသော သုတေသန အမျိုးအစားဖြစ်သည်။** (အောင်မြင့်ဦး၊ ၂၀၁၈၊ စာ ၅၅)

ဟူ၍ဖော်ပြထားသည်။ သုတေသန ဒီဇိုင်းမှာ ရှင်းလင်းဖော်ပြမှုသုတေသနဒီဇိုင်းကို အသုံးပြုကာ လေ့လာတင်ပြထားပါသည်။

## ၄။ လေ့လာတွေ့ရှိချက်

ဝတ္ထုရှည်တစ်ပုဒ်တွင် ဇာတ်လမ်းပဓာနဝတ္ထု၊ ဇာတ်ဆောင်ပဓာနဝတ္ထုဟူ၍လည်း ခွဲခြားနိုင်သည်။ မှာတော်ပုံဝတ္ထုသည် ဇာတ်ဆောင်ပဓာနဝတ္ထုဖြစ်သည်။ မှာတော်ပုံဝတ္ထုတွင် တစ်ခုလပ် ခင်အုံ၊ ဘုန်းကြီးလူထွက် ဦးကျော်ဒွေး၊ လူရိုးလူအ ကိုပေါ၊ ဝန်စာရေး မောင်မောင်ရွှေ၊ ဘုရားဒကာ ဦးကြာညွန့်၊သင်္ကြိုဟ်ဆရာအေး စသည့်ဇာတ်ဆောင်တို့ပါဝင်သည်။ ထိုဇာတ်ဆောင်များစွာ ရှိသည့် အနက် ဤစာတမ်းတွင် အဓိကဇာတ်ဆောင်ခင်အုံ၏စရိုက်ကို လေ့လာတင်ပြထားပါသည်။

### ၄၊ ၁။ ဇာတ်ဆောင်၏ သွင်ပြင်ပုံပန်းနှင့် အမူအရာများဖြင့် စရိုက်ဖော်ခြင်း

ဝတ္ထုရှည်တွင် ဇာတ်ဆောင်တို့၏ ရုပ်ဆင်းသွင်ပြင်၊ အမူအရာတို့ကို စာရေးသူက ဖော်ပြ၍ ဇာတ်ဆောင်စရိုက်ကို ဖန်တီးတင်ပြလေ့ရှိသည်။ မှာတော်ပုံဝတ္ထုရှည်မှ အဓိကဇာတ်ဆောင် ခင်အုံ၏စရိုက်ကိုဖွဲ့ရာတွင် လောကီလူသားတို့ ကြုံတွေ့ရတတ်သော လူအချို့၏စရိုက်များ ထင်ဟပ်ကာ ဖန်တီးရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ခင်အုံသည် မိဘဆွေမျိုးများ တားမြစ်သည့်ကြားက လက်ျာဝင်းတော်မှူး၏ အငယ်ဆုံး မယားအဖြစ် ခံယူခဲ့သည်။ ဝင်းတော်မှူးကွယ်လွန်သောအခါ အသက်(၂၀)ခန့်သာ ရှိခဲ့သည်။ ဇာတ်ဆောင်ခင်အုံ၏ ရုပ်ဆင်းသွင်ပြင်ကို စာရေးသူက **"ထိုဝင်းတော်မှူး ကတော်လေး ခင်အုံ၏ ရုပ်ဆင်းသဏ္ဌာန်မှာမူ မဖြူမညို အသားလတ်ပင်ဖြစ်၍ ချစ်ကြိုက်ဖွယ်ရာ ပျူငှာသော လောကဝတ်တို့ နှင့်လည်း မချွတ်ပြည့်စုံပေ၏"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၄၃) ဟူ၍ ဖော်ပြထားသည်။ ခင်အုံသည် တစ်ခုလပ်မုဆိုးမ ဖြစ်သော်လည်း ရုပ်ရည်ရူပကာ ချောမောလှပသူ ရွှေနန်းတော်တွင် နေထိုင်ဖူးသဖြင့် နန်းမှုရေးရာများကိုတတ်သိနားလည်သော ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်သော စရိုက်ရှိသူအဖြစ် ဖော်ပြထားပါသည်။

မင်းကတော်ခင်အုံနှင့် ဘုန်းကြီးလူထွက် ဦးကျော်ဒွေးတို့သည် မောင်မောင်ရွှေတို့၏ အောင်သွယ်ပေးမှုကြောင့် ပေါင်းဖက်ခဲ့ကြသော်လည်း အိမ်ထောင်ရေးအဆင်မပြေ ဖြစ်ခဲ့ရသည်။ ထိုအိမ်သို့ အောင်သွယ်တော်များနှင့်အတူ အလုံနယ်မှကိုပေါဆိုသူ အလည်ရောက်ခဲ့သည်။ ခင်အုံက ဦးကျော်ဒွေး၏ အားနည်းချက်ကိုထောက်ကာ စကားဆိုသောကြောင့် လင်မယားရန်ဖြစ်ကြရာ ဧည့်သည်များက ဝိုင်းဝန်းဖြန်ဖြေခဲ့ကြသည်။ ခင်အုံ၏ အမူအရာနှင့် ပြောဆိုဟန်ကို **"ဝင်းမှူးကတော်ကလေးသည် ဇာတိပုည ဂုဏ်မာနဟု ဆိုသောအတိုင်း ရုတ်တရက်နေရာမှထ၍ 'ကိုင်း၊ လုပ်လေလုပ်လေ'ဟု ဘေးချင်း တိုက်၏"**။ (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၄၈)ဟူ၍လည်းကောင်း၊ **"မင်းကတော် ခင်အုံမှာ အပုံကြီးဒေါသထွက်သဖြင့် မျက်ရည်စက်လက်ဖြစ်ပြီးလျှင် ဟစ်အော်ပြောဆို ငိုယိုတမ်းတ လိုက် သည်မှာ 'အို ဝင်းတော်မှူးမင်းရဲ့၊ ခင်အုံဖြစ်အင်ကို ရှုမြင်လှဲ့ပါအုံး"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၄၈) ဟူ၍လည်းကောင်း ဖော်ပြထားသည်။ နန်းတွင်းသူဖြစ်ခဲ့ဖူးသော ခင်အုံသည် ငယ်ရွယ်သူပီပီ ဧည့်သည်များရှေ့၌ပင် စိတ်နောက်ကိုယ်ပါ ပြုမူပြောဆိုတတ်သော အရှက်အကြောက်ကင်းမဲ့စွာ ဆောင်ရွက်တတ်သော စရိုက်ရှိသူအဖြစ် ထင်ရှားစွာတွေ့ နိုင်သည်။

နန်းတော်တွင်း ဝင်ထွက်သွားလာခွင့်ရှိ၍ ယဉ်ကျေးဖွယ်ရာ ရုပ်ဆင်းသွင်ပြင်ရှိသော

ခင်အုံသည် မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကိုဆန့်ကျင်ပြီး စိတ်အလိုကိုလိုက်ကာ ပြုမူတတ်သော စရိုက်အဖွဲ့များက ဝတ္ထုဇာတ်လမ်း၏ ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ကြောင်း တွေ့ရသည်။

**၄၊ ၂။ ဇာတ်ဆောင်၏အပြောဖြင့် စရိုက်ဖော်ခြင်း**

ဝတ္ထုဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်ကိုယ်တိုင်ပြောစကားများသည် ထိုဇာတ်ဆောင်၏ စရိုက် အဆိုးအကောင်းကို သိနိုင်ပါသည်။ မှာတော်ပုံဝတ္ထုရှည်တွင် အဓိကဇာတ်ဆောင် ခင်အုံ၏ ပြောစကားများအရ ခင်အုံ၏စရိုက်ကို အထင်အရှားတွေ့နိုင်သည်။

ခင်အုံသည် မန္တလေးမြို့တွင် မင်းကတော်ဟူသော အမည်တစ်လုံးနှင့် ကတော်ကျ တို့၏ စရိုက်အတိုင်း ဟိတ်ဟန်ထုတ်၍ နေခဲ့ပြီးနောက် ဦးကျော်ဒွေးနှင့် အကြောင်းပါခဲ့ သည်။ လင်မယား စိတ်အခန့်မသင့်၍ မကြည်မသာဖြစ်နေခိုက် မောင်မောင်ရွှေတို့ လူစု ရောက်လာရာ ခင်အုံက **"ဝန်စာရေးမင်းရဲ့ စေ့စေ့တွေးရေးရေးပေါ်ဆိုသလို ဟိုအရင်တုန်းက များတော့ ဝင်းတော်မှူး မင်းရဲ့ ဘုန်းရိပ်ခိုပြီး လိုသေးတယ်လို့မရှိဘူး။ မတောင့်မတ၊ မကြောင့်မကြ နေရထိုင်ရတယ်"** (ကိုယ်တော်မှိုင်း၊၂၀၁၀၊ စာ ၄၆) ဟုပြောဆိုခဲ့သည်။ သူစိမ်းဧည့်သည်များ ရှေ့၌ပင် ယခင်အိမ်ထောင်ဘက်ကို အရှက်သိက္ခာကင်းမဲ့စွာ တမ်းတနေသူဖြစ်သည်။ လက်ရှိ ခင်ပွန်းဖြစ်သူအပေါ် ရိုသေလေးစားခြင်းမရှိဘဲ မခန့်မညား ပြောဆိုဆက်ဆံ တတ်သော စရိုက်ရှိသူဟု ဆိုနိုင်ပါသည်။

ထို့ပြင် ခင်အုံက ဦးကျော်ဒွေးကို စိတ်ကုန်၍ ကွာရှင်းချင်သော်လည်း မလွယ်ကူ ကြောင်း **"ဘုရားဒကာညွှန့်ရဲ့၊ ကျွန်မဖြင့် ဒီအဘိုးကြီးနှင့် အကြောင်းဆက်ပြီး ပေါင်းဖက်နေရတာ များစွာဘဲ စိတ်ပျက်ပါရဲ့။ အဲဒါလိုစိတ်ပျက်လို့ ကွာဘို့ရှင်းဘို့ ပြောပြန်ရင်လဲ၊ ခင်အုံကိုကွာဖို့ ယူတဲ့မယား မဟုတ်ဘူး တဲ့"** (ကိုယ်တော်မှိုင်း၊၂၀၁၀၊ စာ ၆၂) ဟူ၍ ဝမ်းနည်းစွာပြောဆိုခဲ့သည်။ မိမိအိမ်တွင်းရေး အဆင်မပြေသည်ကို ဧည့်သည်တို့အား ပြန်လည်ပြောပြခြင်းဖြင့် သူစိမ်း ယောကျ်ားများ၏ ကရုဏာ သက်ဝင်ခြင်းကို ခံယူလိုသူ၊ မစဉ်းစားမဆင်ခြင်တတ်သော စရိုက်ရှိသူအဖြစ် တွေ့ရသည်။

ဦးကြာညွှန့်က ခင်အုံ၏ အိမ်ထောင်ရေးအဆင်မပြေမှုကို ကိုပေါ် သတိပြုမိလာ အောင် ခင်အုံအားလည်း ငိုချင်လျက်လက်တို့ဖြစ်အောင် စကားစပေးလိုက်ရာ

> **ဘုရားဒကာညွှန့်ရဲ့၊ ကျွန်မစိတ်သောက ဒုက္ခရောက်ရတာတွေကိုတော့ မမေးပါနှင့် တော့။ ကျွန်မရေးက ရုပ်ရည်မျိုး မဟုတ်ဘူးရှင့်။ "စိတ်ထောင်း ကိုယ်ကြေ" ဆိုတာလို ကျွန်မနဂိုကရုပ်မျိုး မရှိဘူး။ ကသိကအောက် စိတ်ဒုက္ခရောက်လွန်းလို့ လူလည်း ပိန်ကြုံကုန်ပြီရှင့်။ ဟိုဒင်း ပြောတာလိုဘဲ "မင်းကတော် ကျွန်ပုံ ပေါက်တယ် ခွေး လောက်မကောင်း" ဆိုတာလို ဖြစ်ကုန်ပေါ့။** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၆၀)

ဟူ၍ ဝမ်းနည်းဟန်ဖြင့် ပြောခဲ့သည်။ ထိုသို့ပြောဆိုခြင်းက မိမိဘဝအတွက် ဆိုးကျိုးများဖြစ် လာမည်ကို စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိသူဖြစ်သည်။ သူစိမ်းယောကျ်ားများ၏ ကြင်နာ သနားမှုကို ခံယူလိုသောစရိုက်ရှိသူ ဟုဆိုရပေမည်။

ခင်အုံက ဦးကျော်ဒွေးအား ပရိယာယ်ဆင်ကာ အိပ်မက်မကောင်း၍ အိမ်တော်ရာ ဘုရားသို့ သွားခဲ့ကြောင်း၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ဆွမ်းရေချမ်းများ ဆက်ကပ်

လှူဒါန်းကာ ဆုတောင်းပြီးနောက် ဖေဒင်ဆရာကိုတွေ့၍ ဝင်မေးရာ

> **အမိတို့လင်မယားက မကြာခင်ကွဲစစ်မြင်သတဲ့။ ရှင်ကွဲမကွဲ သေကွဲကွဲရမတဲ့။ ယတြာဆင်ပြီး ခဏလောက်ကွာရင်လဲကောင်းမယ်လို့ ဖေဒင်ဆရာဟောလိုက်တယ်။ သို့အတွက် "ယတြာ ကောင်း မင်းလောင်းပျောက်"ဆိုတာလို၊ ကွာရှင်းပြီး ယာယီဆိုသလို ကျွန်မ ဆင်းသွားပါရစေ။ နှစ်ရှည်လများလဲမဟုတ်ပါဘူး ဆရာကြီးရဲ့** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၆၇)

ဟုပရိယာယ်ဆင်၍ ပြောဆိုခဲ့သည်။ ဦးကျော်ဒွေးသည် ခင်အုံ၏ အတွင်းစိတ်သဘောကို နားလည်သူဖြစ်သည့်အလျောက် ခင်အုံပြောသမျှစကားများကို မယုံကြည်ဘဲ ဘုကလန့်ကျကျတုန့်ပြန်ခဲ့သည်။ ခင်အုံသည် ဦးကျော်ဒွေးကို ဖေဒင်နည်းဖြင့်တစ်မျိုး၊ ပုခန်းနတ်ဝင်ဟန် ပြု၍တစ်သွယ် အမျိုးမျိုးခြိမ်းခြောက်ခဲ့သည်။ ဦးကျော်ဒွေးက ခင်အုံကို စိတ်ကုန်ပြီးစွန့်ပစ်ထိုက် သောမိန်းမဖြစ်သည်ဟု ဆိုခဲ့သည်။ ထိုအခါ ခင်အုံက ဦးကျော်ဒွေးအား မိမိအသိတရားရနေချိန် တွင် နောက်ဆံတင်းအောင် မတားသင့်ပါကြောင်းကို

> **ခင်အုံကလေးတရားကျတဲ့အခါမှာ မတားကြပါနှင့်တော့။ အပါးကတစာစာ ချွဲသူကြီးရဲ့၊ တစ်ခါထဲပတ္တနာပြုပြီး သာဓု သာဓု သာဓုရယ်လို့သာ သုံးကြိမ်ခေါ်လိုက်ပေတော့။ ခွဲစခွာစမှာအသဲကနာပြီး ဗျာပါမှုကျွမ်းမနေနှင့်။ ဟောဒီက ကျွန်မ ပဝါကလေးကိုသာ အလွမ်းပြေ ရှုရစ်ပေတော့ ဆရာကြီးရဲ့** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၉၄)

ဟူ၍ အလွမ်းသယ်ခဲ့သည်။ ခင်အုံသည် အလွန်သိမြင်နှံ့စပ်သော လူပြန်တော်ကြီး ဦးကျော်ဒွေး ကိုပင် လှည့်ပတ်လှည့်ဖျားပြောဆိုနိုင်စွမ်းရှိသောစရိုက်ရှိသူ အဖြစ်တွေ့ရသည်။

ခင်အုံသည် အိမ်မှထွက်လာပြီးနောက် ကိုပေါ်တည်းခိုရာ ဦးကြာညွန့်အိမ်သို့ သွားခဲ့သည်။ ယောက်ျားတို့၏သဘာဝကို နားလည်သိတတ်သူဖြစ်သည့်အလျောက် လူရိုးလူအ ကိုပေါ်နှင့်နီးစပ်ရန် ကြံဆောင်လေသည်။ မုဆိုးဖိုဖြစ်သော်လည်း ပင်ကိုယ်စိတ်ရိုးသားပြီး အရှက်အကြောက်ကြီးသော ကိုပေါ်အား ခင်အုံကပင်စတင်၍

> **ရှင်မှန်မှန်ပြောရမယ်။ မကွယ်နှင့်နော်။ ဟိုနေ့တုန်းက ဘုရားဒကာညွန့်တို့နှင့် ကျွန်မတို့ အိမ်ကို ရှင်လိုက်လာတုန်းက ခဏခဏ ရှင်ကျွန်မကို ကြည့်တယ်။ ပြီးတော့လဲ ပြန်ခါနီး မှာ တစ်ခါ ကြာကြာကြီး စိုက်ပြီးကြည့်နေရာ ကျွန်မက ကြည့်လိုက်တော့ ဘယ့်နှယ့် ကြောင့် မျက်နှာလွှဲသွားသလဲ။ ငြိုးသူရန်ဘက်အလား စိတ်မှာထားပြီး မုန်းများမုန်းလို့ လားရှင့်** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၁၂၇)

ဟူ၍မေးသောအခါ ကိုပေါ်၏ မတုန်မလှုပ်အမူအရာကြောင့် ခင်အုံကပင် **"ပြောသာပြောပါ ကိုပေါ် ရဲ့၊ မုန်းလို့ကြည့်ကြည့်တယ်၊ ချစ်လို့ကြည့်ကြည့်တယ်၊ တည့်တည့်မတ်မတ်သာပြောပါ"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၁၂၇)ဟူ၍ ရေလာမြောင်းပေးစကားဆိုခဲ့သည်။ ခင်အုံသည် အရိုးခံယောက်ျားသား တစ်ယောက်အား မိမိကိုစိတ်ဝင်စားလာအောင် မာယာဖြင့် ဆွဲဆောင်ခဲ့သည်။ ဤသို့ ကိုပေါ်အား စောင်းပါးရိပ်ခြည် ပြောဆိုသော်လည်း မရဲတရဲဖြစ်နေသော ကိုပေါ်ကြောင့် ခင်အုံ အခက်ကြုံခဲ့ရ သည်။ ထို့ကြောင့် ဆက်လက်၍ **"ကျွန်မမှာတော့ ရှင်ဘုရင်များလိုဖြင့် မြို့စားရွာစား မပေးနိုင်ဘူး ကိုယ်တတ်နိုင်တာပဲပေးရမှာပဲ။ ရှင်ကရောဘာများလိုချင်သလဲ။ တောင်းသာတောင်း ကိုပေါ်ရဲ့"** (ကိုယ်တာ်မှိုင်း၊ ၂၀၁၀၊ စာ ၁၃၀)စသည်ဖြင့် စကားလမ်းခင်းပေးပြန်သည်။ ကိုပေါ်၏ အူကြောင် ကြောင် အဖြေစကားများကြောင့် ခင်အုံအားမလိုအားမရ ဖြစ်ခဲ့ရသည်။ လူရိုးလူအ ကိုပေါ်အား ပြောင်ကျကျ နှုတ်အမူအရာဖြင့်

ဆွဲဆောင်သော ခင်အုံ၏စရိုက်သည် လျှပ်ပေါ်လော်လည်သော စရိုက်၊ အရှက်အကြောက်ကင်းမဲ့သော စရိုက်ရှိသူအဖြစ်တွေ့နိုင်ပါသည်။

ဦးကြာညွန့်သည် ရာဇဝတ်မှုတစ်ခုနှင့်ပတ်သက်နေ၍ အောက်ပြည်သို့ တိမ်းရှောင်ခဲ့ရသည်။ ခင်အုံသည်လည်း ရွှေဘိုတွင် အိမ်တစ်လုံးဝယ်ကာ မိန်းမဖော်တစ်ယောက်နှင့် နေခဲ့သည်။ အောင်သွယ်တော် အမေဘွား၏အကူအညီဖြင့် မောင်ဘေဘကို အိမ်ပေါ်သို့ ခေါ်စေသည်။ ထို့နောက် မိန်းမကစတင်၍ ယောကျ်ားကို ရဲဆေးတင်ပေးသောတေးထပ်ကို စာရေးဆရာ တစ်ယောက်အား ရေးစေသည်။ ထိုတေးထပ်ကို မောင်ဘေဘအား ဆိုခိုင်းသည်။ တေးထပ်၏ အဓိပ္ပာယ်ကို ခင်အုံက မောင်ဘေဘရှေ့၌ပင် အမေဘွားအား **"တစ်ခါဖြင့်ကြာရှည်မဆွဲနဲ့တော့၊ ရဲသင့်ပါပြီ။ မမဆွဲမယ့် ပုလဲသီ ပုလဲကုံးနှင့်တူလဲ မောင်ကလေးရယ်။ မမရှောင်မပြေးပါဘူး။ နောင်ရေးကို ကြံမည်မို့ လွှဲမဖီသင့်ဘူးပတဲ့ အမေဘွားရဲ့"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ၂၆၄) ဟူ၍ ရှင်းပြခဲ့သည်။ ထို့နောက် ခင်အုံသည် မောင်ဘေဘပေါင်းလာသော ခေါင်းပေါင်းပဝါဟောင်းကို ယူ၍ ပဝါအသစ်ပေါင်းပေးသည်။ ပါးစပ်ချင်းအပ်၍ ကွမ်းဘတ်ခွံပေးသည်။ ထို့နောက် ရေမွှေး တစ်ပုလင်း၊ သက္ကလပ်အင်္ကျီ၊ ကတ္တီပါဖိနပ်၊ ငွေသား ဒင်္ဂါးပြား (၅၀)ကိုပေးခဲ့သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ခင်အုံသည် မိမိ၏ စိတ်အလိုကိုလိုက်၍ မိုက်တတ်သော စရိုက်ရှိသူ ပစ္စည်းဥစ္စာပေးကမ်း၍ အရယူဆွဲဆောင်တတ်သော စရိုက်ရှိသူ အဖြစ်တွေ့ရပါသည်။ မောင်ဘေဘနှင့်တွေ့ဆုံခန်းတွင် ခင်အုံကို ပျက်စီးနေသော သော့သွမ်းဟော့ရမ်းနေသောစရိုက် ရှိသူအဖြစ် ဖန်တီးတင်ပြထားသည်။

ခင်အုံသည် မောင်ဘေဘနှင့် ချစ်ကြိုက်နေစဉ်အတွင်း အမေဘွား၏ အောင်သွယ်ပေးမှုကြောင့် ကျောက်ကုန်သည်၊ စိန်ပွဲစားဆိုသူ တစ်ခုလပ်မောင်မောင်ကြီး၏ ဇက်ရဲလက်ရဲပြုမှုများ ကိုခုခံခြင်းမပြုဘဲ အလွယ်တကူပင်အလျှော့ပေးကာ အလိုလိုက်ခဲ့ပြန်သည်။ မောင်မောင်ကြီးနှင့် တွေ့ဆုံခန်းတွင် ခင်အုံကို မိန်းမလည် မိန်းမရှုပ်တစ်ဦး၏ စရိုက်ရှိသူအဖြစ် တွေ့မြင်ရပါသည်။

ခင်အုံသည် ရွှေဘိုမှ အင်းဝမြို့ရှိ ကျောင်းဒကာဘိုးရွှေအိတ်အိမ်သို့ ရောက်လာပြီးနောက် နောင်တရလာသောသဘောများကို တွေ့ရပါသည်။ မိမိ၏စရိုက်ဆိုးများကြောင့် အိမ်ထောင်သည်မိန်းမများက မိမိကို ယုံကြည်စိတ်ချမှုမရှိသည်ကို သဘောပေါက် နားလည်သူ ဖြစ်သည်။ ထို့ကြောင့် ဘိုးရွှေအိတ်နှင့် စကားပြောဆိုနေရာမှ ခင်အုံက

> **ဩော်၊ တဒိုဒို တရယ်ရယ်နှင့် နေတယ်လို့ အခြေမလှသေးဘူး။ ဘုရားဒကာဇနီးမေမေကြီးလည်း ပြန်ချိန်နီးပြီ။ အဖေကြီးနဲ့ နီးနီးကပ်ကပ်နေလျှင် အမေမြင်ရင် အထင် လွဲပြီး အဖေ့ကို ဆဲဦးမယ်။ ကဲ၊ အဖေက အိမ်ပေါ်ကြွ၊ ကျွန်မက မီးဖိုချောင်အတွင်းမှာ ထမင်းဟင်း ချက်မယ်** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၃၃၀)

ဟုပြောလေသည်။ ဤစကားများအရ ခင်အုံသည် လူအများက မိမိအပေါ် အယုံအကြည်ကင်းမဲ့ပြီး အထင်အမြင်သေးနေသည်ကို သိမြင်၍ သိမ်ငယ်ကာ အနေကျုံ့နေသူအဖြစ် တွေ့ရပါသည်။ မိမိအမှားကို သိမြင်ပြီး ဆင်ဆင်ခြင်ခြင်နေနိုင်မှ အဆင်ပြေမည်ကို သိသူအဖြစ်တင်ပြထားသည်။ အကင်းပါးပါး နေထိုင်ပြောဆိုတတ်သော စရိုက်ရှိသူအဖြစ် စာရေးသူက ဖန်တီးပြခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကိုဆန့်ကျင်ကာ စိတ်အလိုကိုလိုက်ကာ

ဆက်လက် မိုက်မဲတတ်သော ဇာတ်ဆောင်ခင်အုံ၏ စရိုက်အဖွဲ့များက ဝတ္ထုဇာတ်လမ်း၏ ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ကြောင်း တွေ့ရသည်။

**၄၊ ၃။ စာရေးသူ၏ တိုက်ရိုက်ပြောသည့်နည်းဖြင့် စရိုက်ဖော်ခြင်း**

ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်တို့၏စရိုက်ကိုဖော်ထုတ်ရာတွင် စာရေးသူက ကိုယ်တိုင် ဝင်ပြောသည့်နည်းဖြင့်လည်း တင်ပြတတ်သည်။ စာရေးသူက ဇာတ်လမ်းတွင် မိမိကိုယ်တိုင် ပါဝင်ပြီး အတွင်းလူအဖြစ် ရေးသားခြင်းများရှိသကဲ့သို့ ဇာတ်လမ်းတွင် မပါဝင်ဘဲ အပြင်လူ အဖြစ် ရေးသားခြင်းများလည်း ရှိသည်။

မှာတော်ပုံဝတ္ထုရှည်တွင် စာရေးသူက တိုက်ရိုက်ဝင်ပြောသည့်နည်းဖြင့် ဇာတ်ဆောင် ခင်အုံ၏စရိုက်ကို ပေါ်လွင်အောင် တင်ပြထားသည်။ ခင်အုံသည် ဝင်းတော်မှူး ကွယ်လွန်သောအခါ ပစ္စည်းဥစ္စာအနည်းငယ်သာ ရရှိခဲ့သည်။ မင်းစိုးရာဇာတို့နှင့်ဆက်လက် အကြောင်းပါလိုသော ခင်အုံသည် အမရပူရမြို့ဟောင်းမှ မန္တလေးရွှေမြို့တော်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ယင်းကို

> **လင်းယင်းရှာသူ၏ ထုံးကို စွဲသုံးလိုက်နာလျက် ဝင်းတော်မှူးကတော် ခင်အုံသည် လည်း မိမိ၏ ရုပ်ရည်ရူပကာယ လှပသည်ကို အားကိုးလျက် အထက်နေရင်း ဖြစ်သော အမရပူရမြို့ဟောင်းမှ ပြောင်းရွှေ့ခဲ့၍ ရာဇဌာနီ မင်းနေပြည်ဖြစ်သော ရတနာပုံ မန္တလေးရွှေမြို့တော် တောင်ပြင် ဟော်ကုန်းအရပ်တွင် အလျင်က အရှိန်နှင့် ဣန္ဒြေ ဆည်ပြီးလျှင် ထည်ထည်ဝင့်ဝင့် ထင်ထင်ပေါ်ပေါ် မင်းကတော် ဟူသောအမည် တစ်လုံးနှင့် အခြေတကျ နေထိုင်လေ၏** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၄၄)

ဟူ၍ စာရေးသူ၏အပြောဖြင့် တင်ပြထားသည်။ မြန်မာ့ရာဇဝင်တွင် တစ်စီးရှင်သီဟသူ၏ မိဖုရား လင်းယင်းရှာသူ၏ထုံးကို နှလုံးမူကာ ခင်အုံသည် ရုပ်ရည်ရူပကာအားကိုးဖြင့် မိမိဘဝ မြင့်မားရန် အကွက်ချစီစဉ်ခဲ့သည်။ "ဗူးကောင်းလျှင်စင်ခံ၊ လင်ကောင်းမှစံရ" ဟူသော စကားပုံအရ ခင်အုံသည် မင်းဆွေမင်းမျိုးတို့နှင့် ဆက်လက်၍ ဖူးစာဆုံလိုသူ အိမ်ထောင်ရေး၌ အကွက်ချ စီမံတတ်သောစရိုက်ရှိသူအဖြစ် တွေ့နိုင်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မင်းကတော်ခင်အုံနှင့် ဗားကရာ ဆရာတော်ထွက် ဦးကျော်ဒွေးတို့ အကြောင်းဆက်၍ ပေါင်းဖက်မိကြပုံကို တင်ပြထားသည်။ အောင်သွယ်တော် မောင်မောင်ရွှတို့က ဦးကျော်ဒွေးနှင့်ခင်အုံကို ဝိုင်း၍လှော်ခဲ့ကြသည်။ ယင်းကို

> **ဆရာကြီး ဦးကျော်ဒွေးဆိုသူကား သာမည ဆရာကြီး ဦးကျော်ဒွေးမဟုတ်။ လောကုတ် လောကီ နှစ်လီစွယ်စုံ ပညာဂုဏ်ရနံ့ တသင်းသင်းပျံ့သဖြင့် "ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် မင်းတရားကြီးဘုရားက ဖွားရင်းဇာတိ ပုခန်းကြီးမြို့ကျေးကို ယနေ့ နက်ဖြန်ပင် အပိုင်စားပေးလိမ့်မည် အကြောင်းများနှင့် လှည့်စားဖျောင့်ဖျ၍ အတင်းလှော်ရလျှင် မင်းကတော်ခင်အုံမှာ စိတ်ပါစရာရှိ တန်ကောင်းငဲ့" ဟုလည်းကောင်း၊ ဆရာကြီး ဦးကျော်ဒွေး၏ တပည့်သားများက နားပါးချ၍ ခဏခဏ ပလူးကြ၊ နှူးကြလေသည့်အတွက် အထက်အမည်ပါ ဝင်းတော်မှူးကတော်ကလေး ခင်အုံမှာ ဆရာတော်လူထွက် ဦးကျော်ဒွေးနှင့် ချစ်သွေးဝင်စား အထင်မှား၍ လင်မယား အဖြစ်ဖြင့် မချစ်တချစ်၊ မကြိုက်တကြိုက်**

**နှင့်ပင် အလိုက်အသင့် အကြောင်းတော်၍ ပေါင်းဖော်နေထိုင်ရလေသတည်း။**
(ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၄၅)

ဟူ၍ စာရေးဆရာ၏ တိုက်ရိုက်ပြောစကားများဖြင့် ဖော်ပြထားသည်။ ဦးကျော်ဒွေးသည် မကြာမီ ဆင်ဖြူရှင်မင်းက ပုခန်းကြီးမြို့ကို အပိုင်စားပေးခြင်းခံရမည့်သူဖြစ်သည်ဟူသော စကားကို ယုံစား၍ ခင်အုံသည် အသက်အရွယ် ကွာခြားမှုကို ထည့်မတွက်ဘဲ လက်ခံခဲ့သည်။ မြို့စားရွာစားဖြစ်မည်ဟူသော မှန်းဆချက်ဖြင့် အဘိုးအရွယ် အဖေအရွယ်ကို လက်ထပ်ခဲ့သော ခင်အုံ၏ ရာထူး ဂုဏ်သိန်မက်မောသောစရိုက်ကို ထင်ရှားအောင် စာရေးသူ၏ အတင်အပြဖြင့် အကွက်ကျကျ ထည့်သွင်းဖော်ပြထားသည်။

ခင်အုံသည် ရွှေဘိုမြို့သို့ပြောင်းရွှေ့ပြီးနောက် အထည်ကြီးပျက်တို့၏ ထုံးစံအတိုင်း ဟိတ်ဟန်ထုတ်ကာ အိမ်တစ်လုံးဝယ်၍ နေထိုင်ခဲ့သည်။ မောင်ဘေဘကို နှစ်သက်သဘောကျပြီး ဥစ္စာပစ္စည်းများ ပေးကမ်းထောက်ပံ့ကာ တိတ်တိတ်ပုန်းပျော်ပါးခဲ့သည်။ ယင်းကို

**မင်းကတော်၏ ချစ်ခင်ရင်း စေတနာမှာ သဒ္ဓါစိတ် ပြေးပြေးပြီး ပေးချင် ကမ်းချင်စိတ် ပေါက်လာပေရကား သနားစရာခေါ်သော ရေမွှေးပုလင်းကြီးတစ်ဘူးနှင့် သက္ကလတ်အင်္ကျီတစ်ထည်၊ ကတ္တီပါဖိနပ်တစ်ရန်၊ ငွေသားဒင်္ဂါးပြားရေ ၅၀ိ မျှကို မောင်ဘေဘ ကလေးသို့ပေးပြီးနောက် ဖောက်ပြန်သောစိတ်ဓာတ်က တဖျတ်ဖျတ် ပေါ်လာသမို့ အချို့သော မင်းကတော် စိုးကတော်တို့သည် အပျော်အပါး ကာလသားအဖော်များနှင့် ဖဲကစားလေ့ရှိသလို ထို ခင်အုံဆိုသော မင်းကတော်မှာလည်း ပျင်းရိတော်မူသော အကဲစရိုက်နှင့် ဖဲရိုက်ကစားချင်စိတ် ပေါက်လာလေ၏။**(ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၂၆၇-၂၆၈)

ဟူ၍ စိတ်အလိုလိုက်ကာ မိုက်တတ်သော ခင်အုံ၏စရိုက်ကို စာရေးသူကိုယ်တိုင်ဝင်ပြောသည့်နည်းဖြင့် တင်ပြထားသည်။ ခင်အုံသည် မောင်ဘေဘကို မာယာအမျိုးမျိုးသုံး၍တစ်မျိုး၊ ဥစ္စာပစ္စည်းပေးကမ်း၍တစ်သွယ် အမိအရယူတတ် ဆွဲဆောင်တတ်သောသူအဖြစ် စာရေးသူက တင်ပြထားသည်။ ပျော်ပါး ပေ့ါတန်စွာနေတတ်သောစရိုက်ကို ထင်ဟပ်ပြထားသည်။

ခင်အုံသည် မောင်ဘေဘကို မိမိစိတ်တိုင်းကျ ပေးကမ်း ထောက်ပံ့နေပြီးနောက် မောင်မောင်ကြီးနှင့်လည်း ဆက်၍ ချစ်ခင်ရင်းနှီးကျွမ်းဝင်ခဲ့ပြန်သည်။ မောင်မောင်ကြီးက ခင်အုံနှင့် မောင်ဘေဘတို့ အကြောင်းစုံစမ်းသိရှိခဲ့ပြီး ခင်အုံကိုမေးမြန်းသော်လည်း 'ဘူး' တစ်လုံးဆောင်ကာ ငြင်းဆိုခဲ့သည်။ မောင်မောင်ကြီးလည်း ခင်အုံ၏ အလိမ်အညာစကားများကို ယုံကြည်ပြီး နှစ်ဦးသားပျော်ပါးခဲ့သည်။ ယင်းကို **"မောင်မောင်ကြီးနှင့် မင်းကတော်တို့သည် သင်္ကြာ ရှင်းကြပြီးနောက် တစ်ယောက်နှင့်တစ်ဦး ကြည်နူးချစ်ခင်စွာ ဓမ္မတာအလိုက် နှစ်ခြိုက် ပျော်ပါးကြပြီး နောက် မောင်မောင်ကြီးလည်း မိမိနေအိမ်သို့ ပြန်သွားလေ၏။"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၂၈၂) ဟူ၍ စာရေးသူက တင်ပြထားသည်။ မောင်မောင်ကြီးနှင့်ခင်အုံတို့ ခြေရှုပ်နေသည်ကို သိမြင်သော မောင်ဘေဘက အရက်မူးလာပြီး နှစ်လောင်းပြိုင်သေမည့်အကြောင်း ပြောဆိုကာ ခင်အုံကို ရန်ရှာခဲ့သည်။ မောင်ဘေဘကို ချော့၍တစ်မျိုး အလိုလိုက်အကြိုက်ဆောင်၍တစ်သွယ် မိမိအပေါ် ကျရောက်မည့် အန္တရာယ်ကို အလွယ်နည်းလမ်းများသုံးကာ ကာကွယ်ခဲ့သည်။ ခင်အုံ၏ လော်လည်ဖောက်ပြားတတ်သောစရိုက်ကို ပေါ်လွင်အောင် ရေးဖွဲ့တင်ပြထားသည်။

ခင်အုံသည် ရွှေဘို၌ယောကျ်ားနှစ်ယောက်နှင့် ရှုပ်ပွေခဲ့ပြီး မိမိ၏ဇာတ်ကို

မိမိနိုင်အောင် မကနိုင်တော့သည့်အခြေအနေကို ရောက်လာခဲ့သည်။ ထို့ကြောင့် ခင်အုံသည် ရွှေဘိုတွင် ဆက်၍ မနေရဲတော့ဘဲ အခြားအရပ်ဒေသသို့ တိမ်းရှောင်ထွက်ပြေးခဲ့ပြန်သည်။ စိတ်အလိုလိုက်ကာ အမှားများကို ဆက်တိုက်ကျူးလွန်နေသည့်အဖြစ်ကို စာရေးသူ ကိုယ်တိုင်ဝင်၍ မှတ်ချက်ပေးသည့်အနေဖြင့် ခင်အုံ၏စရိုက်ကို ပေါ်လွင်အောင် မီးမောင်း ထိုးပြထားသည်။ မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်ကာ လော်လည်ဖောက်ပြား တတ်သော ဇာတ်ဆောင် ခင်အုံ၏ စရိုက်များက ဝတ္ထုဇာတ်လမ်း၏ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်ကြောင်း တွေ့ရသည်။

## ၄၊ ၄။ ဇာတ်ဆောင်၏ စိတ်ခံစားမှုအတွေးဖြင့် စရိုက်ဖော်ခြင်း

စာရေးသူတို့သည် ဇာတ်ဆောင်တို့၏ စိတ်ခံစားမှုအတွေးစိတ်ကူးတို့ကို ဖော်ပြ၍လည်း ဇာတ်ဆောင်စရိုက်ကိုဖွဲ့လေ့ရှိသည်။ မှာတော်ပုံဝတ္ထုရှည်တွင် ဇာတ်ဆောင်၏ အတွေး စိတ်ကူး၊ စိတ်ခံစားမှုနှင့် စဉ်းစားတွေးခေါ်မှုများဖြင့် ခင်အုံ၏စရိုက်ကို ပေါ်လွင်အောင် တင်ပြထားသည်။

ခင်အုံသည် ဦးကျော်ဒွေးကို အကြောင်းအမျိုးမျိုးပြကာ စွန့်ပစ်ခဲ့ခြင်းအတွက် စိတ်မကောင်း ဖြစ်မိသည်။ မိန်းမတို့၏သဘာဝအရ သနားမိပြီး စိတ်မချဖြစ်မိသည်။ အိမ်မှ ဆင်းလာပြီး လမ်းတစ်လျှောက်တွင် **"သြော် ဆရာကြီးဖြင့် တစ်ယောက်တည်း အထီးတည်း ကျန်ရစ်ခဲ့ ရှာလေပြီ။ ငါမရှိလျှင် အတိဒုက္ခရောက်ရှာလိမ့်မည်။ အစားအသောက် အနေအထိုင်မှစ၍ အရာရာ လေမျိုးမှာ ညှိုးညှိုးငယ်ငယ် ကိုးကွယ်ရာမဲ့ ဖြစ်ရစ်ရှာလေရဲ့နော်"**(ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၉၆) ဟု စိတ်ကောင်းဝင်၍ သနားတွေးတွေးမိသော်လည်း ချက်ချင်းပင် **"ငါတို့ မိန်းမများ လင်သားယူသည် ဆိုသည်မှာ အခြားမဟုတ်၊ လင့်ဘုန်းရိပ်ခိုပြီး လင်စာကို စားလို၍သာယူခြင်း ဖြစ်ပေသည်"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၉၆) စသည်ဖြင့် မိမိအဖြစ်ကိုကာကွယ်ရန် စိတ်ထဲမှဆင်ခြေပေးမိပြန်သည်။ ခင်အုံသည် စိတ်နောက်ကိုယ်ပါ ပြုလေ့ရှိသောကြောင့် အမှားများစွာ ကျူးလွန်ခဲ့သည်။ ထို့အတွက် စိတ်ဆင်းရဲခြင်း၊ နောင်တရခြင်းမရှိဘဲ မိမိကိုယ်ကို စိတ်ချမ်းသာအောင် ဆင်ခြေပေး တတ်သောသူအဖြစ် တွေ့ရသည်။ ခင်အုံသည် ကိုပေါရှိရာ ဦးကြာညွန့်အိမ်သို့ဝင်လာခဲ့ပြီးနောက်

> **ယောက်ျားကြိုက်ကစိုက်စိုက်လာ၊ မိန်းမကြိုက်က မျှော်လိုက်ခါရယ်လို့သာ ရှိချေ သည်။ ယခုငါ့မှာတော့ ဤစကားဝနှင့်အလုံးစုံ ဇောက်ထိဇောက်ထိုးလွဲပြီး မိန်းမတို့ ဣန္ဒြေ သိန်သရေ အရှက်ကို မငဲ့နိုင်ဘဲ တည့်တည့်ကြီး ယောက်ျားရှိရာကို လာနေရပါ သကား။** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၁၀၀)

ဟူ၍ အသိတရားဝင်ကာ ဆင်ခြင်စဉ်းစားမိခဲ့သည်။ သို့သော် ထိုအသိတရားကို တဏှာ ဖုံးလွှမ်းနေသော အဝိဇ္ဇာစိတ်ကသာ အနိုင်ယူခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ တို့ကို ဆန့်ကျင်သော ခင်အုံသည် ပေါ့တန် ဆိုးသွမ်းသော မိန်းမပေါ့ မိန်းမသွမ်းတို့၏စရိုက်ရှိသူဟု ဆိုနိုင်သည်။

ခင်အုံသည် စာတတ်ပေတတ်ဖြစ်၍ ရာဇဝင်နှင့် စာပေကျမ်းဂန်ဗဟုသုတရှိသူ ဖြစ်သည်။ တစ်ခါတရံ မိမိဘဝကို စိတ်ပျက်အားငယ်ပြီးနောင်တရမိသကဲ့သို့ ဖြစ်တတ် ကြောင်း

> **သြော် ဒီတစ်ခါပါဖြင့် ခင်အုံမှာအိမ်ထောင်သုံးဆက်တောင် ကျတော့မယ်။ လူပြော**

> **လူဆို မကောင်းစရာဖြစ်နေပါပြီ။ သို့ရာတွင် ကိုယ်တစ်ယောက်တည်း ထူးချွန်ပြီး ကျူးလွန်ဖောက်ပြန်တာမှ မဟုတ်ပါပဲကလား။ အင်းဝရာဇဝင်မှာ ထင်ရှားတဲ့ မိဖုရားစောဘို့မယ် တို့များ မင်းငါးဆက်တောင် ကျသတဲ့။ အနီးပြီးတော့လည်း စစ်ကိုင်းရာဇဝင်မှာ မိဖုရားစောဥမ္မာတို့လည်း တကတဲမှပဲ ကြင်ရာတော် ခြောက်ဆက်မျှ ကျသတဲ့။ ကိုယ်တစ်ယောက် တည်းမှတ်လို့ပဲ။ ဖြစ်မိပေ့ါဟာ မရှက်နိုင်ပါဘူး။**
> (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၁၄၃)

စသည်ဖြင့် တွေးတောကာ မိမိ၏အဖြစ်ကို ရာဇဝင်ထဲက မိဖုရားများနှင့် နှိုင်းယှဉ်ခဲ့သည်။ ခင်အုံသည် စိတ်နောက်ကိုယ်ပါ တဇွတ်ထိုးပြုမူတတ်သော်လည်း မိမိလုပ်ရပ်ကိုပြန်၍ စဉ်းစားတွေးခေါ်တတ်သူ ဖြစ်သည်။ သို့သော် အသိတရားရသည်အထိ ဖြစ်မလာဘဲ မိမိစိတ် သက်သာရာရအောင် ဆင်ခြေအမျိုးမျိုးပေး၍ ဖြေသိမ့်တတ်သောစရိုက်ရှိသူအဖြစ် တွေ့ရသည်။

ခင်အုံသည် ကိုပေါ် အလုံသို့ပြန်သွားပြီးနောက် မန္တလေးမြို့၌ ဆက်၍နေထိုင်ရန် မဖြစ်သောအခါတွင် ရွှေဘိုဌ်နေထိုင်စဉ် မောင်ဘောဘနှင့် တွေ့ဆုံခဲ့သည်။ စိတ်အလိုလိုက် တတ်သူပီပီ ငယ်ရွယ်သောမောင်ဘောဘကို မျက်စိကျခဲ့သည်။ ပတ်ဝန်းကျင်၏ ပုတ်ခတ် ပြောဆိုမခံရအောင် ရွက်အုပ်သီးကြင်သည့် ဇာတ်လမ်းကိုခင်းလိုသည်။ယင်းကို စာဆိုက **"ထထ ထိုင်ထိုင် မောင်ဘောဘ ကိုဖြင့် ငါလှလှ ပိုင်ရ နိုင်ရရဲ့။ ယယ်နိုင်ကြက်သွင် ကွက်ရှုပ်ကြီးမို့ ရွက်အုပ်သီးကြင်ရလျှင် သခင်နှင့်ကျွန် လောက်သေးတာမို့ ဝန်လေးမယ် မထင်ပါဘူးလေ။"** (ကိုယ်တော်မှိုင်း၊ ၂၀၁၀၊ စာ ၂၅၇) ဟူ၍ ခင်အုံ၏ အတွေးဖြင့် ဖော်ပြထားသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ခင်အုံသည် မိမိ၏အရှက် သိက္ခာကို မငဲ့ကွက်ဘဲ စိတ်အလိုကိုလိုက်၍ မိုက်တတ်သောစရိုက်ရှိသူအဖြစ် တွေ့ရသည်။ မောင်ဘောဘနှင့် ရင်းနှီးကျွမ်းဝင်ပြီးနောက် မောင်မောင်ကြီးနှင့်လည်း ညိစွန်းခဲ့သည်။ ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်နက်တည်း ဆက်သွယ်ပြီး စိတ်အလိုလိုက်ကာ အပျော်ရှာခဲ့သည်။ နောက်ဆုံး မိမိဇာတ်ကို မိမိနိုင်အောင် မကနိုင်သည့်အဆုံး၌ ရွှေဘိုမှထွက်ပြေး ခဲ့ရသည်။ ခင်အုံ၏ဘဝ ခင်အုံ၏ဆန္ဒတို့ကား ပြီးပြည့်စုံသည်မရှိခဲ့ပေ။ ခင်အုံ၏အတွေး စိတ်ကူးများက ထင်ရာစိုင်းနေသော မိန်းမပေ့ါ မိန်းမသွမ်းတို့၏စရိုက်များ ထင်ဟပ်နေခဲ့သည်။

ဇာတ်ဆောင်ခင်အုံ၏ စိတ်ခံစားမှု အတွေးစိတ်ကူးများက မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံတို့ကိုဆန့်ကျင်ကာ ဖောက်ပြန်ပျက်စီးနေသော စရိုက်အဖွဲ့များဖြစ်သည်။ ဝတ္ထုဇာတ်လမ်း၏ ဦးတည်ချက်ကို ပံ့ပိုးပေးနိုင်သည် ဟုဆိုရပေမည်။

## ၅။ သုံးသပ်ချက်

ရသစာပေဖြစ်သောဝတ္ထုတွင် စာရေးသူက ဇာတ်ဆောင်များထည့်သွင်းကာ ဇာတ်လမ်း ဇာတ်ကွက်ဆင်၍ ဖန်တီးရေးဖွဲ့ကြသည်။ ဒိဋ္ဌဓမ္မလူ့လောကနှင့် လူ့ပတ်ဝန်းကျင်ကိုတုပ၍ အနုပညာမြောက်အောင် ရေးသားတတ်ကြသည်။ သခင်ကိုယ်တော်မှိုင်းသည် မိမိ ပတ်ဝန်းကျင်ရှိ အဖြစ်အပျက်တို့ကို အခြေခံ၍ ရတနာပုံမင်းနေပြည်တော်ရှိ လူအချို့၏ အကျင့်စာရိတ္တများ ပျက်စီးယိုယွင်းနေကြောင်း မီးမောင်းထိုးပြကာ မှာတော်ပုံဝတ္ထုကို ဖန်တီးရေးသားခဲ့ခြင်း ဖြစ်နိုင်သည်။ ထိုခေတ် မြန်မာအမျိုးသမီးအချို့ မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်ကာ ကိုယ်ကျင့်တရားများ ဖောက်ပြားနေကြောင်း၊ ထင်ရာစိုင်းကာ ပြုမူနေထိုင် ကြကြောင်း အဓိကဇာတ်ဆောင်ခင်အုံကို ဖန်တီးကာ ဇာတ်လမ်းဆင် ရေးဖွဲ့ခဲ့ခြင်း ဖြစ်နိုင် ပါသည်။

သခင်ကိုယ်တော်မှိုင်းသည် မှာတော်ပုံဝတ္ထုတွင် ဇာတ်ဆောင်ခင်အုံ၏ စရိုက်ကို

ဒိဋ္ဌလောကရှိ လူအချို့၏စရိုက်နှင့် တူအောင်တုပ၍ ဖန်တီးရေးဖွဲ့ထားသည်ဟု ဆိုရပေမည်။ ခင်အုံသည် နန်းတော်အတွင်း နေထိုင်ဖူးသူဖြစ်၍ လုပသောရုပ်ဆင်းသွင်ပြင်နှင့် ယဉ်ကျေးပျူငှာစွာ ပြောဆိုတတ်သောစရိုက်ရှိသူ ဖြစ်သည်။ သို့သော် ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ပြုမူဆောင်ရွက်တတ်သောစရိုက်ရှိသူအဖြစ် စာရေးသူက ဖော်ပြဖွဲ့နွဲ့ထားသည်။

မှာတော်ပုံဝတ္ထုတွင် အဓိကဇာတ်ဆောင်ခင်အုံကို ဂုဏ်ပကာသနမက်မောသူ၊ ကြီးပွားချမ်းသာလိုသူ၊ အဖိုးအိုအရွယ်နှင့်လက်ထပ်ပြီး အိမ်ထောင်ရေး အဆင်မပြေသူအဖြစ်တွေ့ရသည်။ လက်ရှိခင်ပွန်းသည်အပေါ် မရိုမသေပြောဆို ဆက်ဆံတတ်သောစရိုက်၊ စဉ်းစားဆင်ခြင်ဉာဏ် နည်းပါးသောစရိုက်၊ လှည့်ပတ်လှည့်ဖျားပြောဆိုတတ်သောစရိုက်၊ လျှပ်ပေါ်လော်လည်သော စရိုက်၊ အရှက်အကြောက်ကင်းမဲ့သောစရိုက်၊ စိတ်အလိုလိုက်၍ မိုက်မဲသောစရိုက်၊ အရှက် တရားကင်းမဲ့သော သေ့သွမ်း ဟော့ရမ်းသောစရိုက်ရှိသူအဖြစ် တွေ့ရသည်။ သို့သော် အိမ်ထောင်သည် မိန်းမများက မိမိ၏လုပ်ရပ်ကြောင့် အထင်သေးကာ နှိမ်ချဆက်ဆံမည်ကိုသိ၍ အကင်းပါးပါးနေထိုင် ပြောဆိုတတ်သောစရိုက်ရှိသူ အဖြစ်လည်း တွေ့နိုင်သည်။

ထို့ပြင် စာရေးဆရာ၏ တိုက်ရိုက်ပြောစကားများဖြင့် ဇာတ်ဆောင်၏စရိုက်ကို ပေါ်လွင်အောင် တင်ပြထားသည်ကို တွေ့ရပါသည်။ ဇာတ်ဆောင်ခင်အုံကို မင်းစိုးရာဇာများနှင့် ဖူးစာဆုံလို၍ အိမ်ထောင်ရေး၌ အကွက်ချကာ စီမံတတ်သောစရိုက်ရှိသူ၊ ဦးကျော်ဒွေးကို မြို့စားရွာစား ဖြစ်လိမ့်မည်ဟူသော မှန်းဆချက်ဖြင့် လက်ထပ်ခဲ့သူ၊ ရာထူးဂုဏ်သိန်မက်မောသောစရိုက်ရှိသူ အဖြစ်တွေ့ရသည်။ ရွှေဘိုတွင် နေထိုင်စဉ်အတွင်း ယောကျ်ားတစ်ယောက်ကို လူသိရှင်ကြား ပေါင်းသင်းခြင်းမပြုဘဲ ယောကျ်ားများကို မြူဆွယ်၍ မိမိ၏ဆန္ဒကို ဦးစားပေးကာနေထိုင်သူ၊ စိတ်အလိုလိုက်ကာ ဆက်မိုက်နေသူအဖြစ် ဖော်ပြထာသည်။ ခင်အုံ၏စရိုက်ကို ပျော်ပါး ပေ့ါတန် စွာနေတတ်သောစရိုက်၊ လော်လည်ဖောက်ပြားတတ်သောစရိုက်ရှိသူအဖြစ် ထင်ရှားအောင် စာရေးသူ၏ အတင်အပြဖြင့် အကွက်ကျကျ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

စိတ်ခံစားမှု အတွေးစိတ်ကူးများဖြင့်လည်း ဇာတ်ဆောင်၏စရိုက်ကို ပေါ်လွင်အောင် ဖွဲ့ဆိုထားကြောင်း တွေ့ရှိရပါသည်။ မှာတော်ပုံဝတ္ထုတွင် ဇာတ်ဆောင်ခင်အုံ၏ စိတ်ခံစားမှုနှင့် အတွေးစိတ်ကူးများက အိမ်ထောင်ဆက်များခြင်းနှင့်ပတ်သက်၍ အမျိုးမျိုး ဆင်ခြေပေးကာ မိန်းမပေ့ါ မိန်းမသွမ်းတို့၏ အကျင့်အတိုင်း မှားမှန်းသိလျက်ဆက်၍ မိုက်တတ်သော စရိုက်၊ ထင်ရာစိုင်းတတ်သောစရိုက်များ ထင်ဟပ်နေခဲ့သည်။

မှာတော်ပုံဝတ္ထုတွင် ဇာတ်ဆောင်ခင်အုံ၏ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ အတွေးအကြံနှင့် စာရေးသူ၏ တိုက်ရိုက်တင်ပြမှုစွမ်းရည်များကြောင့် ရုပ်လုံးကြွပီပြင်လာခဲ့သည်။ ဇာတ်ဆောင်ခင်အုံ၏စရိုက်ကို (Round Character) စရိုက်ကြွဇာတ်ဆောင် ဖြစ်သည်ဟု မှတ်ချက်ချနိုင်ပါသည်။

မှာတော်ပုံဝတ္ထုဇာတ်လမ်း၏ ဦးတည်ချက်မှာ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ဆန့်ကျင်ပြီး ဖောက်လွဲဖောက်ပြန် ပြုမူဆောင်ရွက်တတ်သော လူ့ဘောင်လောကရှိ လူအချို့၏ စရိုက်သဘာဝတို့ကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည်။ အဓိကဇာတ်ဆောင် ခင်အုံ၏ လော်လည်ဖောက်ပြားတတ်သောစရိုက်များက ဝတ္ထုဇာတ်လမ်း၏ ဦးတည်ချက်သို့ ရောက်အောင် ပံ့ပိုးပေး နိုင်ကြောင်းကို သုတေသနပြု တင်ပြထားပါသည်။

သခင်ကိုယ်တော်မှိုင်းသည် မှာတော်ပုံဝတ္ထု၏ ပထမတွဲကို ၁၉၁၆ ခုနှစ်၊ ဒုတိယတွဲကို

၁၉၁၉ ခုနှစ်၊ တတိယတွဲကို ၁၉၂၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ စတုတ္ထတွဲကို ဆက်လက်ရေးသားမည်ဟု မျှော်လင့်ချက်ပေးခဲ့သည်။ သို့သော် ထွက်မလာခဲ့ပေ။ ဝတ္ထုဇာတ်လမ်းကို အဆုံးမသတ်သော်လည်း လူ့စရိုက်လူ့သဘာဝများ ပေါ်လွင်အောင် ဖွဲ့စပ်ထားသော ပြီးပြည့်စုံသောဝတ္ထုတစ်ပုဒ် ဖြစ်သည်ဟု ဆိုရပေမည်။

**နိဂုံး**

မှာတော်ပုံဝတ္ထုရှည်သည် မျက်မှောက်ခေတ်တိုင်အောင် ဂန္ထဝင်မြောက်ကာလပေါ်ဝတ္ထုအဖြစ် ပညာရှင်များ တန်ဖိုးထားနေရခြင်းမှာ ဇာတ်ဆောင်စရိုက် အဖွဲ့ကောင်းများကြောင့်ဟု ဆိုရပေမည်။ မှာတော်ပုံရှည်ဝတ္ထုတွင် ဇာတ်ဆောင်များစွာရှိသည့်အနက် ဤစာတမ်းတွင် အဓိကဇာတ်ဆောင် ခင်အုံ၏စရိုက်ကိုသာ ဖော်ထုတ်တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ပညာရှင်များ၏ မိန့်ဆိုထားသော ဖွင့်ဆိုချက်များကို အခြေခံ၍ ဇာတ်ဆောင်စရိုက်ဖော်သည့် နည်းနာများဖြင့် ချိန်ထိုးလေ့လာတင်ပြထားပါသည်။ ဝတ္ထုရှည်များမှ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်၊ ဝတ္ထုရှည်ရေးဟန်၊ ဝတ္ထုရှည်ဖန်တီးမှုအတတ်ပညာ စသည်တို့ကို သုတေသီများအနေဖြင့် ဆက်လက် သုတေသနပြုလေ့လာနိုင်ပါသည်။ ဤစာတမ်းသည် ဝတ္ထုရှည်မှ ဇာတ်ဆောင်စရိုက် လေ့လာလိုသူ များအတွက် အထောက်အကူပြုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း

ကိုယ်တော်မှိုင်း(သခင်)။(၂၀၁၀)။***မှာတော်ပုံနှင့်စစ်ကိုင်းပြန်မှာတော်ပုံ***(ဒုတိယ***အကြိမ်***)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။
ခင်မင်၊မောင်၊(ဓနုဖြူ-)။(၂၀၀၉)။***စကားပြေသဘောတရားစကားပြေအတတ်ပညာ***၊ (***ပဉ္စမအကြိမ်***)။ ရန်ကုန်၊ ပန်းရွှေပြည်စာအုပ်တိုက်။
ဘုန်းနိုင်(တက္ကသိုလ်-)။ (၁၉၇၉)*။ **ဝတ္ထုရှည်ဟူသည်မှာ၊ ဝတ္ထုရှည်စာတမ်းများ***၊ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။
မိုးမြေ၊ မ။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည်အတတ်ပညာ*** ။ (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေတိုက်။
မိုးမြေ၊ မ။(၂၀၁၉)*။**ဝတ္ထုရှည်ဖန်တီးသူနှင့် ဝတ္ထုရှည်ခံစားသူ*** ။ရန်ကုန်၊ ရွှေကံ့ကော်စာပေ။
မြင့်ကြည်၊ ဦး (၁၉၉၈)။ ***ဝတ္ထုရှည်သဘောတရားလေ့လာနည်း၊ မြန်မာစာသုတေသနဂျာနယ်။*** (အတွဲ-၃)။ ရန်ကုန်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။
မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***။ (ဒုတိယအကြိမ်)၊ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။
သုတ၊မောင်။(၁၉၇၁)။***စာဆိုတော်များအတ္ထုပ္ပတ္တိ*** ။ (စတုတ္ထအကြိမ်)ရန်ကုန်၊ ဖွဲ့စာပေ။
သူရိယကန္တိ။ (၁၉၆၇) ***ဝတ္ထုရေးလိုသော်*** ။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။
အောင်မြင့်ဦး။ ဒေါက်တာ။ (၂၀၁၈)။ ***သုတေသနဟူသည်။*** ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။
အောင်သင်း။(၂၀၁၇)***။ဝတ္ထုရေးရာဆောင်းပါးများ။***(***တတိယအကြိမ်***)။ရန်ကုန်၊ ဖွန်ပွင့်စာအုပ်တိုက်။